# ငွေကြေး မတရားလုပ်ခြင်း ကိုဖြေရှင်းပေးခြင်း



## ငွေကြေး မတရားလုပ်ခြင်းဆိုသည်မှာ အဘယ်နည်း။

ငွေကြေး မတရားလုပ်ခြင်းသည် အခြားသူတစ်ဦးအပေါ် အာဏာသုံးရန်နှင့်ထိန်းချုပ်ရန် နည်းလမ်းတစ်ခုအဖြစ် ငွေကြေးကို အသုံးပြုသည့်အခါကို ဆိုသည်။ ငွေကြေး မတရားလုပ်ခြင်းသည် မတရားနှိပ်စက်သည့် ပေါင်းသင်းဆက်ဆံရေးတစ်ရပ်တွင် လူများအား လှောင်ပိတ်ထားနိုင်သည်၊ ၎င်းတို့လွတ်မြောက်ပြေးရန် ဆုံးဖြတ်သည့်အခါ ဘေးကင်းအောင်နေနိုင်မည့် ၎င်းတို့၏ စွမ်းရည်ကိုလည်း ထိခိုက်ကောင်း ထိခိုက်နိုင်သည်။

## ၎င်းသည် မည်မျှ အဖြစ်များသနည်း။

ဩစတြေးလျနိုင်ငံ၌ အမျိုးသမီး 16% အထိမှာ ၎င်းတို့၏ ဘဝတစ်သက်တာတွင် ငွေကြေး မတရားလုပ်ခြင်းကို ခံစားကြမည်ဖြစ်ပြီး[1]အမျိုးသားများလည်း ခံစားရနိုင်သည်။

ငွေကြေး မတရားလုပ်ခြင်းသည် အားလုံးသော လူမှု-စီးပွားလောကနှင့် တိုင်းရင်း နောက်ခံများသာမက အားလုံးသော လိင်တိမ်းညွတ်မှုများမှ လူများအပေါ် ထိခိုက်နိုင်သည်။ မသန်စွမ်းသူများသည် အခြားသူများအပေါ် အားထားမှီခိုရခြင်း၊ ငွေကြေးပိုင်းဆိုင်ရာ မှီငြမ်းအားကိုးစရာများကို ရယူနိုင်စွမ်းနည်းခြင်း၊ လူမှုဖူလုံရေး ခံစားခွင့်များကို ရယူရန် အဟန့်အတားများရှိခြင်းနှင့် ငွေကြေး စီမံရေး၌ အတွေ့အကြုံ နည်းပါးခြင်း ကဲ့သို့သော အကြောင်းအချက်များကြောင့် စီးပွားရေးနှင့်ငွေကြေး မတရားလုပ်ခံရနိုင်ခြေ ပိုများနိုင်သည် [2]။

ငွေကြေး မတရားလုပ်ခြင်းအကြောင်း ပြောဆိုသည့်အခါ လူများအနေဖြင့် ကသိကအောက်ဖြစ်ခြင်းနှင့် စိတ်ဖိစီးမှုဖြစ်ခြင်းမှာ ဖြစ်လေ့ရှိသည်။

ငွေကြေး မတရားလုပ်ခြင်း၏ လက္ခဏာများ၊ အကူအညီတောင်းခံရန် သွားရမည့်နေရာ၊ နှင့် အန္တရာယ်ရှိကောင်း ရှိနိုင်သည့် မိသားစုဝင် သို့မဟုတ် မိတ်ဆွေ တစ်ဦးကို မည်သို့ပံ့ပိုးပေးမည်တို့ကို လေ့လာရန် အရေးကြီးပါသည်။ ဤသို့ဖြင့် ပစ်မှတ်ထားခံရသူများအား ၎င်းတို့၏ ငွေကြေး လွတ်လပ်မှု ပြန်လည်ရယူရန် အထောက်အကူပြုနိုင်သည်။

### ငွေကြေး မတရားလုပ်ခြင်းကို သတိမူသိရှိခြင်း

၎င်းမှာ ပျံ့နှံ့ဖြစ်ပွားနေသော်လည်း ငွေကြေး မတရားလုပ်ခြင်းကို သတိမူသိရှိခြင်းမှာ ခက်ခဲနိုင်သည်-

- လူအများအပြားမှာ ၎င်းတို့ ငွေကြေးအားဖြင့် မတရားလုပ်သည့် ပေါင်းသင်းဆက်ဆံရေး တစ်ရပ်တွင် ရောက်ရှိနေသည်ကို သိရှိရန် ခက်ခဲကြသည်။
- ငွေကြေး မတရားလုပ်ခြင်းမှာ မသိမသာ စတင်ဖြစ်ပွားလာနိုင်ပြီး အချိန်ကာလတစ်ခုအတွင်း ပိုကြီးထွားလာနိုင်သည်။
- အချို့ယဉ်ကျေးမှုများတွင် အိမ်ထောင်စု၏ ငွေကြေးကိစ္စအားလုံး လူတစ်ဦးက ထိန်းချုပ်သည်ကို လက်ခံသည်ဟု ယူဆကောင်း ယူဆနိုင်သည်။
- တစ်ခါတစ်ရံ၌ ငွေကြေးကို ပွင့်ပွင့်လင်းလင်း မဆွေးနွေးရသည့် သီးသန့်ကိစ္စတစ်ခုအဖြစ် အမြင်ရှိကြသည်။

[1] Kutin, Russell, Reid (2017), Economic Abuse between intimate partners in Australia: prevalence, health status, disability and financial stress, Australian and New Zealand Journal of Public Health

[2] www.commbank.com.au/content/dam/commbank-assets/support/2021-09/unsw-disability-report-4.pdf

ဩစတြေးလျ ဘုံဓနသဟာယဘဏ် ABN 48 123 123 124 AFSL နှင့် ဩစတြေးလျ ခရက်ဒစ်လိုင်စင် 234945။

## ငွေကြေး မတရားလုပ်ခြင်း၏ လက္ခဏာအချို့-

သင်သည် ငွေကြေးအားဖြင့် မတရားလုပ်သည့် ပေါင်းသင်းဆက်ဆံရေး တစ်ရပ်တွင် ကျရောက်နေသည် ဟုတ်မဟုတ် မသေချာဘူးလား။ သင့်ကိုယ်ကိုသင် အောက်ပါမေးခွန်းများကို မေးပါ-

သင့်ကြင်ဖော်ဖက်သည် သင့်အား အလုပ်ရရှိခြင်း သို့မဟုတ် အလုပ်သွားခြင်းမှ တားမြစ်ခဲ့ဖူးလား။

သင့်ကိုယ်ပိုင်ငွေကို ရှာခြင်း သို့မဟုတ် သုံးစွဲခြင်းကို ရပ်ဆိုင်းရန် သင့်အား ဖိအားပေးခဲ့ဖူးသလား။

သင့်ကြင်ဖော်ဖက်သည် ကလေးစရိတ်ပေးရန် သို့မဟုတ် ကလေးထိန်း ကူပေးရန် ငြင်းဆိုပါသလား။

သင့်ကြင်ဖော်ဖက်သည် အိမ်ထောင်စု ဝင်ငွေအားလုံးကို မည်သို့သုံးစွဲရန် ထိန်းချုပ်ပါသလား။

သင့်ကြင်ဖော်ဖက်သည် သင်သုံးစွဲသည့်အရာကို စောင့်ကြည့်သလား သို့မဟုတ် ဈေးဝယ်ငွေဖြတ်ပိုင်းအားလုံးကို ပြသခိုင်းသလား။

ငွေသုံးစွဲရန် သင် ငြင်းဆိုခံခဲ့ဖူးသလား သို့မဟုတ် သင်ကိုယ်တိုင် သို့မဟုတ် သင့်ကလေးများအတွက် အခြေခံ သုံးစွဲငွေကို တောင်းရန်လိုပါသလား။

အိမ်ထောင်စု ဝင်ငွေအပေါ် မျှဝေကျခံပေးခြင်းမှ သင့်အား တားမြစ်ခဲ့ဖူးသလား။

သင့်အား ငွေကြေး အလဲအလှယ်အနေဖြင့် အလုပ်များ သို့မဟုတ် 'အခွင့်အရေးပေးခြင်းများ' လုပ်ခိုင်းခဲ့သလား။

သင့်အမည်ဖြင့် ငွေချေးရန် သို့မဟုတ် အကြွေးဝယ်ကတ်ပြားလုပ်ရန် အတင်းလုပ်ခိုင်းခဲ့သလား။

သင့်ကြင်ဖော်ဖက်သည် ငွေကြေးများကို သို့မဟုတ် မိသားစု ငွေကြေးများကို လျှို့ဝှက်ထားပါသလား။

အဓိကကျသည့် ငွေကြေး ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ သင့် အကြံပြုချက်ကို လျစ်လျူရှုသလား။

မိသားစု စီးပွားရေးတွင် လုပ်ခမပေးဘဲ သင့်အား အတင်း အလုပ်လုပ်ခိုင်းသလား။

## အကူအညီကို မည်သို့တောင်းခံမည်

အကယ်၍ သင် သို့မဟုတ် သင်သိသည့်တစ်ယောက်ယောက်သည် ငွေကြေး မတရားလုပ်ခြင်း ကြုံတွေ့နေလျှင် သို့မဟုတ် မသေချာသေးနေလျှင် သင် ရယူနိုင်သည့် အခမဲ့ ဝန်ဆောင်မှုများ ရှိပါသည်။ အရေးပေါ်အခြေအနေဖြစ်ပွားလျှင် သို့မဟုတ် သင် ဘေးကင်းသည်ဟု မခံစားရလျှင် ဖုန်းနံပါတ် **<u>000</u>**ကို အမြဲ ဆက်သွယ်ပါ။

- ဦးဆုံးဖုန်းခေါ်ရမည့်နေရာအဖြစ် ဖုန်း **<u>1800RESPECT</u>** နံပါတ် **1800 737 732**ကို ဖုန်းခေါ်ရန် ကျွန်ုပ်တို့ အကြံပြုသည်။ ၎င်းသည် လျှို့ဝှက်ဆောင်ရွက်ပေးသည့် အခမဲ့ ဝန်ဆောင်မှုဖြစ်ပြီး ဓနသဟာယဘဏ်၏ ဝန်ဆောင်မှု မဟုတ်ပါ။
- အကယ်၍ သင် စကားပြန် သို့မဟုတ် ဘာသာပြန်ဆိုသူ လိုအပ်လျှင် တယ်လီဖုန်း ဘာသာပြန်နှင့်စကားပြန် ဌာန (TIS National) ကို ဖုန်း **131 450** ဖြင့် ဆက်သွယ်ပြီး သင် လိုအပ်သည့် ဘာသာစကားကို ပြောပြပြီး 1800RESPECT ကို ဖုန်း 1800 737 732 ဖြင့် သူတို့ကို ဆက်သွယ်ခိုင်းပါ။ TIS National ကို အခမဲ့ ရရှိနိုင်သည်။
- နောက်တစ်နည်းအားဖြင့် သင် **1800RESPECT** ကိုဖုန်း **1800 737 732** ဖြင့် ဖုန်းခေါ်ဆိုနိုင်ပြီး စကားပြန် တစ်ဦးကို တောင်းပါ။ အကြံပေးပုဂ္ဂိုလ်သည် အစီအစမ်များကို လုပ်ဆောင်ပေးပါလိမ့်မည်။
- အကယ်၍ သင် အပြုအမူနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်နေလျှင် အခမဲ့နှင့်လျှို့ဝှက် လုပ်ဆောင်ပေးသည့် ပံ့ပိုးမှု ရရှိနိုင်သည်။ အမျိုးသားများအတွက် အကြံပေးဆွေးနွေးခြင်း လွှဲပြောင်းဝန်ဆောင်မှု (Men’s Referral Service) **<u>1300 766 491</u>** ကို ဖုန်းဆက်ပါ သို့မဟုတ် **<u>ntv.org.au</u>**။

ပံ့ပိုးမှုအကြောင်း ပိုမိုသိရှိရန်အတွက် **<u>https://www.commbank.com.au/support/next-chapter.html</u>**

ပို၍အသေးစိတ်ကျသော လမ်းညွှန်ချက်အတွက် **<u>CommBank ဝက်ဘ်ဆိုက်</u>**ရှိ သတိမူသိရှိခြင်းနှင့် ပြန်လည်ရယူမှုလမ်းညွှန်ကိုဖတ်ပါ။